# COVID-19 ရောဂါနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ချက်

## (၄-၁-၂၀၂၀ ရက်နေ့မှ ၁၆-၃-၂၀၂၀ ရက်နေ့ထိ)

## (၁၆-၃-၂၀၂၀) ရက်နေ့၊ ည (၈:၁၅) နာရီ

### ၁။ ကမ္ဘာ့နိုင်ငံများ၏ COVID-19 ရောဂါဖြစ်ပွားမှုအခြေအနေ

(ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ (၁၅-၃-၂၀၂၀) ရက်နေ့ မြန်မာစံတော်ချိန် (၁၅:၃၀) နာရီအချိန် ထုတ်ပြန်ချက်)

- ကမ္ဘာပေါ်တွင် ရောဂါဖြစ်ပွားနေသည့်နိုင်ငံစုစုပေါင်း - (၁၄၄) နိုင်ငံ
- ကမ္ဘာ့နိုင်ငံများတွင် ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း - (၁၅၃,၅၁၇) ဦး
- ကမ္ဘာ့နိုင်ငံများတွင် သေဆုံးသူ စုစုပေါင်း - (၅,၇၃၅) ဦး
- ကမ္ဘာပေါ်တွင် သေဆုံးမှုရာခိုင်နှုန်း - (၃.၈) %
- ဖြစ်ပွား/ သေဆုံးမှုများသော နိုင်ငံများမှာ-

| စဉ် | နိုင်ငံ | စဖြစ်သည်မှ ယခုအချိန်ထိ | |
|---|---|---|---|
| | | ဓာတ်ခွဲအတည်ပြု ဖြစ်ပွားသူ စုစုပေါင်း | သေဆုံးသူ စုစုပေါင်း |
| ၁ | တရုတ်ပြည်သူ့သမ္မတနိုင်ငံ | ၈၁,၀၄၈ | ၃,၂၀၄ |
| ၂ | အီတလီ | ၂၁,၁၅၇ | ၁,၄၄၁ |
| ၃ | အီရန် | ၁၂,၇၂၉ | ၆၁၈ |
| ၄ | ကိုရီးယားသမ္မတနိုင်ငံ | ၈,၁၆၂ | ၇၅ |
| ၅ | စပိန် | ၅,၇၅၃ | ၁၃၆ |
| ၆ | ပြင်သစ် | ၄၄၆၉ | ၉၁ |
| ၇ | ဂျာမနီ | ၃,၇၉၅ | ၈ |
| ၈ | ဆွစ်ဇာလန် | ၁,၃၅၉ | ၁၁ |
| ၉ | အင်္ဂလန် | ၁,၁၄၄ | ၂၁ |
| ၁၀ | နယ်သာလန် | ၉၅၉ | ၁၂ |
| ၁၁ | ဆွီဒင် | ၉၂၄ | - |
| ၁၂ | နော်ဝေး | ၉၀၇ | ၁ |
| ၁၃ | ဒိန်းမတ် | ၈၂၇ | - |
| ၁၄ | ဩစတြီးယား | ၈၀၀ | ၁ |
| ၁၅ | ဂျပန် | ၇၈၀ | ၂၂ |
| ၁၆ | ဘယ်လ်ဂျီယံ | ၆၈၉ | - |

- ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ (၁၅-၃-၂၀၂၀) တွင် ထုတ်ပြန်သော Situation Report (55) အရ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပြင်ပနိုင်ငံတွင်းကူးစက်မှု (Local Transmission) ဖြစ်ပွားနေသော နိုင်ငံများမှာ (၈၀) နိုင်ငံရှိပါသည် -

| | | | |
|---|---|---|---|
| (၁) | အနောက်ပစိဖိတ်ဒေသ | - | ၁၀ နိုင်ငံ |
| (၂) | ဥရောပဒေသ | - | ၃၆ နိုင်ငံ |
| (၃) | အရှေ့အလယ်ပိုင်းဒေသ | - | ၁၁ နိုင်ငံ |
| (၄) | အမေရိကဒေသ | - | ၁၂ နိုင်ငံ |
| (၅) | အာဖရိကဒေသ | - | ၄ နိုင်ငံ |
| (၆) | နယ်မြေဒေသ | - | ၁ နိုင်ငံ |
| (၇) | အရှေ့တောင်အာရှဒေသ | - | ၆ နိုင်ငံ<br>(အိန္ဒိယ၊ ထိုင်း၊ အင်ဒိုနီးရှား၊ မော်လ်ဒိုက်၊ သီရိလင်္ကာ၊ ဘင်္ဂလားဒေ့ရှ်) |

- အီတလီနိုင်ငံ၊ အီရန်နိုင်ငံနှင့် ကိုရီးယားသမ္မတနိုင်ငံတို့၏ရောဂါဖြစ်ပွားမှု၊ သေဆုံးမှုသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံပြင်ပ အခြားနိုင်ငံများတွင် ရောဂါဖြစ်ပွားမှုအားလုံး၏ (၅၈ %) ခန့်နှင့် သေဆုံးမှုအားလုံး၏ (၈၄ %) ခန့်ရှိပါသည်။
- ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ (၁၁-၃-၂၀၂၀) ထုတ်ပြန်ချက်အရ လွန်ခဲ့သော (၂) ပတ်အတွင်း၌ တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် ရောဂါကူးစက်ဖြစ်ပွားမှုနှုန်း ကျဆင်းလာသော်လည်း အခြား ကမ္ဘာ့နိုင်ငံများတွင် ရောဂါကူးစက်သူဦးရေ (၁၃)ဆများပြားလာခဲ့ပြီး ရောဂါကူးစက်ဖြစ်ပွားသည့်နိုင်ငံအရေအတွက်မှာလည်း (၃) ဆ များပြားလာခဲ့ကြောင်း သိရှိရပါသည်။
- လက်ရှိအချိန်၌ ကမ္ဘာပေါ်တွင် COVID-19 ရောဂါအတည်ပြုလူနာ မတွေ့ရှိရသေးသော ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံ စုစုပေါင်း (၅၀) နိုင်ငံရှိပြီး ထိုနိုင်ငံများထဲတွင် မြန်မာနိုင်ငံလည်း ပါဝင်ပါသည်။

၂။ (၃၁-၁-၂၀၂၀) ရက်နေ့မှ (၁၆-၃-၂၀၂၀)ရက်နေ့၊ နေ့လယ် (၁၂:၀၀)နာရီအထိ မြန်မာနိုင်ငံ၏ COVID-19 ရောဂါနှင့်ပတ်သက်သည့် အခြေအနေများမှာ -

- စောင့်ကြည့်လူနာ (Person Under Investigation-PUI) (၁၃၁) ဦးနှင့် သံသယလူနာ (၂) ဦး စုစုပေါင်း (၁၃၃) ဦးရှိပြီး ၎င်းတို့အနက် -
  - COVID-19 ရောဂါပိုး မတွေ့ရှိရသူ - (၁၂၃) ဦး၊
  - ဓာတ်ခွဲနမူနာရယူရန် ဆောင်ရွက်ဆဲ/ပေးပို့ဆဲ - (၁၀) ဦးတို့ဖြစ်ပါသည်။

၃။ တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးရှိဆေးရုံများတွင် (၃၁-၁-၂၀၂၀) ရက်နေ့မှ (၁၆-၃-၂၀၂၀) ရက်နေ့အထိ စောင့်ကြည့်လူနာ/ သံသယလူနာတွေ့ရှိရမှု အခြေအနေများမှာ ရန်ကုန်တိုင်း ဒေသကြီးတွင် (၅၄) ဦး၊ ရှမ်းပြည်နယ်တွင် (၂၁) ဦး၊ မန္တလေးတိုင်းဒေသကြီးတွင် (၂၆) ဦးနှင့် အခြားတိုင်းဒေသကြီး/ ပြည်နယ်များတွင် (၃၂) ဦး စုစုပေါင်း (၁၃၃) ဦးတို့ဖြစ်ပါသည်။

၄။ COVID-19 ရောဂါသည် အသက်ရှူလမ်းကြောင်းမှတစ်ဆင့် တိုက်ရိုက်ဝင်ရောက်ကူးစက်ပျံ့နှံ့စေခြင်းနှင့် အရာဝတ္ထုများ၌ ထိကပ်နေသော ရောဂါပိုးမွှားများအား လက်နှင့် ထိတွေ့ရာမှတစ်ဆင့် ကူးစက်စေနိုင်ပါသည်။ သို့ဖြစ်ပါ၍ သင့်ကြောင့် တစ်ပါးသူအား ရောဂါမကူးစက်စေရန်-

(က) နှာချေ၊ ချောင်းဆိုးသည့်အခါ မိမိတို့၏ ပါးစပ်နှင့် နှာခေါင်းကို တံတောင်ဆစ် အသုံးပြု၍ လည်းကောင်း၊ တစ်ရှူးအသုံးပြု၍ လည်းကောင်း လုံခြုံစွာ ဖုံးအုပ်ရန်၊

(ခ) လက်ကို မကြာခဏ ဆေးကြောရန်နှင့် လက်ကို ဆေးကြောပါက ဆပ်ပြာဖြင့် စက္ကန့် (၂၀) ခန့် ဆေးကြောရန်၊ ရေနှင့် ဆပ်ပြာမရှိပါက Hand sanitizer ဖြင့် ဆေးကြောရန်၊

(ဂ) ဖျားနာ၊ ချောင်းဆိုး၊ နှာစေး နေသူများအနေဖြင့် လူထူထပ်သော ပွဲလမ်းသဘင်များ သွားရောက်ခြင်းမှ လုံးဝ ရှောင်ကြဉ်ရန်နှင့် မိမိတို့နေအိမ်တွင်း၌ နေထိုင်၍ ဆေးကုသမှု ခံယူရန်၊

(ဃ) ဖျားနာခြင်း၊ ချောင်းဆိုးခြင်း၊ မောပန်းခြင်း စသော လက္ခဏာများ ခံစားနေရသူများအနေဖြင့် နီးစပ်ရာ ကျန်းမာရေးဌာနများသို့ အမြန်ဆုံး သွားရောက်ပြသရန်၊

(င) အသွားအလာ ကန့်သတ်ခြင်း၊ ပိတ်ပင်ခြင်း (Quarantine) ပြုလုပ်ခြင်းဖြင့် ရောဂါလက္ခဏာများ စတင်ပေါ်ပေါက်လာပါက ချက်ချင်း သိရှိကုသနိုင်ပြီး ၎င်းတို့မှတစ်ဆင့် မိသားစုဝင်များနှင့် ဆွေမျိုးများ၊ ထိုမှတစ်ဆင့် ပြည်သူလူထုထံသို့ ရောဂါ ဆက်လက်ကူးစက်ပျံ့နှံ့ခြင်းမှ ကာကွယ်နိုင်မည်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် Quarantine ၏ အကျိုးကျေးဇူးများအား သိရှိနားလည်ပြီး ပူးပေါင်းပါဝင်ဆောင်ရွက်ရန် တိုက်တွန်းအပ်ပါသည်။